amaze
Shaping the future for Autism.

# အော်တစ်ဇင်ဆိုတာ ဘာလဲ။

အော်တစ်ဇင်ဆိုသည်မှာ ရာသက်ပန် အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာမသန်စွမ်းမှုဖြစ်ပြီး ၎င်းသည် အခြားသူများနှင့်ဆက်သွယ်ပြောဆိုမှုနှင့် အပြန်အလှန်ဆက်သွယ်မှုအပေါ် ထိခိုက်စေသည့်အရာမျိုးကို ဆိုပါသည်။ အော်တစ်ဇင် ဝေဒနာရှင် အားလုံးသည် တစ်မူထူးခြားကြသည်။

သို့သော် အော်တစ်ဇင်ဝေဒနာရှင်များသည် အောက်ဖော်ပြပါ အဓိကနေရာနှစ်ခုတွင် ဝိသေသလက္ခဏာအချို့ကို ပြသနိုင်သည်-

## လူမှုဆက်သွယ်ရေးနှင့် အပြန်အလှန်ဆက်သွယ်မှုကဏ္ဍ

### အပြန်အလှန် စကားပြောဆိုရန် ခက်ခဲခြင်း

- စကား စပြောရန်၊ အပြန်အလှန်ပြောဆိုရန် သို့မဟုတ် စကားအဆုံးသတ်ရန် အခက်တွေ့နေခြင်း
- အကြောင်းအရာတစ်ခုတည်းကိုသာ ဆွေးနွေးပြောဆိုရန် ခက်ခဲနေတတ်ခြင်း

### အခြားသူများနှင့် အပြန်အလှန်ဆက်သွယ်ရန် အကူအညီလိုအပ်ခြင်း

- တစ်ဦးတည်းသာ နေလိုခြင်း
- အများနှင့်ပူးပေါင်းလုပ်ဆောင်လိုသော်လည်း မည်သို့အတူလုပ်ရမည်ကို မသိခြင်း
- လူမှုဆက်ဆံရေးမျိုးကို တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန် အခက်တွေ့နေခြင်း

### စိတ်ဝင်စားပုံ မပေါ်ခြင်း

- အကြည့်ချင်း မဆုံရဲခြင်း
- နာမည်ခေါ်သည့်အခါ မထူးခြင်း
- မိမိအတွေးကမ္ဘာတွင်သာ နစ်မျောနေခြင်း

### ဆက်သွယ်ပြောဆိုရာတွင် အကူအညီလိုအပ်ခြင်း

- စကားပြောဆိုရာတွင် စကားထစ်နေခြင်း သို့မဟုတ် စကားနည်းခြင်း
- အသုံးအနှုန်းကို စာသဘောအရ တိုက်ရိုက် အဓိပ္ပါယ် ကောက်လိုခြင်း
- ဝေါဟာရ အသိကြွယ်သော်လည်း ပေါင်းသင်းဆက်ဆံသည့်ခါ စကားလုံးရွေးရန် အခက်တွေ့နေခြင်း

### လူမှုဆက်ဆံရေးဆိုင်ရာ အချက်များ သို့မဟုတ် အခြေအနေများကို လေ့လာဖတ်ရှုရန် ခက်ခဲခြင်း

- ကိုယ်ဟန်၊ မျက်နှာအမူအရာနှင့် လေယူလေသိမ်းကို နားလည်ဖတ်တတ်ရန် အခက်တွေ့နေတတ်ခြင်း
- မည်သည့်အပြုအမူမျိုးက သင့်လျော်သည်ကို နားလည်နိုင်ရန် တခြားသူ၏အကူအညီ လိုအပ်နေခြင်း

## အပြုအမူ၊ စိတ်ဝင်စားမှုများနှင့် လှုပ်ရှားမှုများ

### အကြောင်းအရာတစ်မျိုးတည်းအပေါ် အလွန်အကျွံစိတ်ဝင်စားခြင်း

- ခေါင်းစဉ်တစ်ခုတည်းကိုသာ စိတ်ဝင်စားတတ်ခြင်း
- မတူခြားနားသည့်အရာမျိုးကို စိတ်ဝင်စားတတ်ခြင်း
- ခေါင်းစဉ်တစ်ခုတည်းအပေါ် အများနှင့်မတူဘဲ ထူးကဲစွာ စိတ်ဝင်စားနေတတ်ခြင်း

### ပုံသေ သတ်မှတ်ထားသည့် လုပ်ရိုးလုပ်စဉ်အတိုင်းသာ သွားလိုခြင်း

- ပုံသေ သတ်မှတ်ထားသည့် လုပ်ရိုးလုပ်စဉ်များက အချက်အလက်ကို သိနားလည်ရန် အကူအညီဖြစ်စေပါလိမ့်မည်
- အသစ်များကို စမ်းကြည့်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် လိုပြီး ကူညီလုပ်ဆောင်ပေးသင့်သည်
- လုပ်ဆောင်ချက်နောက်တစ်ခု- ဥပမာ- ဗီဒီယိုပိတ်ပြီးမှ ဆရာဝန်၏ရုံးခန်းသို့ သွားခြင်း- သို့ ကူးပြောင်းလုပ်ဆောင်သည့်ခါ အကူအညီနှင့် အချိန်တစ်ခု လိုအပ်ပေလိမ့်မည်
- လုပ်စရာများကို စီစဉ်သည့်အခါနှင့် အချိန်ကို စီမံခန့်ခွဲမှုအတွက် အကူအညီလိုအပ်ပေလိမ့်မည်

### တုံ့ပြန်မှုအာရုံ နှေးနေခြင်း သို့မဟုတ် လွန်ကဲနေခြင်း

- ၎င်းတို့ မြင်ရသော၊ ကြားရသော၊ အနံ့ရသော၊ ထိမိသော သို့မဟုတ် အရသာခံမိသော စသည့်အရာတစ်ခုခုအပေါ် မတူခြားနားသည့်တုံ့ပြန်မှုများကို လုပ်ဆောင်တတ်ခြင်း
- အမြဲ ခဏနားပေးပြီ ခန္ဓာကိုယ်လှုပ်ရှားမှုများ ပြုလုပ်ခိုင်းပါ

### အပြုအမူနှင့် ကိုယ်လက်လှုပ်ရှားမှု တစ်ခုတည်းကို ထပ်တလဲလဲ လုပ်မိနေခြင်း

- လုပ်ရပ်တစ်ခုတည်းကို ထပ်ခါတလဲလဲလုပ်နေတတ်ခြင်း၊ ဥပမာ အရာဝတ္ထုများအား အတန်းလိုက်စီခြင်း သို့မဟုတ် ရုပ်ရှင်တစ်ကားတည်းကို အကြိမ်ကြိမ်ပြန်ကြည့်နေတတ်ခြင်း
- အခြားသူစကားကို သံယောင်လိုက်ပြောတတ်ခြင်း (စကားလုံး သို့မဟုတ် စကားစုတစ်ခုအား ထပ်တလဲလဲ ပြောနေခြင်း)
- လက်ကို ခါရမ်းနေခြင်း၊ ကိုယ်ကိုလှည့်နေခြင်း၊ ရှေ့တိုးနောက်ဆုတ် လှုပ်နေခြင်း။ ၎င်းကို ထပ်တလဲလဲ လုပ်ဆောင်ခြင်းဟုလည်း ခေါ်သည်

amaze autism connect
Information. Advice. Referral.

**အော်တစ်ဇင်နှင့်ပတ်သက်၍ နောက်ထပ်အချက်အလက်များကို ရရှိရန် Autisum Connect သို့ ဆက်သွယ်ပြီး အော်တစ်ဇင်အတွက် ကျွန်ုပ်တို့၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးနှင့် ပြောဆိုဆွေးနွေးလိုက်ပါ-**

**ခေါ်ဆိုရန်နံပါတ်- 1300 308 699 အီးမေးလ်- info@autismconnect.org.au**
**ဝက်ဘ်ဆိုက်မှစကားပြောရန်- amaze.org.au/autismconnect**